# Ritsumeikan Asia Pacific University

ဂျပန်နိုင်ငံရှိ ရစ်ဆူမဲခန်အာရှပစိဖိတ် တက္ကသိုလ် (APU)တွင် ဘွဲ့ကြိုသင်တန်းများကိုအင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်ဘွဲ့ (BBA)နှင့် လူမှုရေးသိပ္ပံပညာရပ်ဘွဲ့ (Bachelor of Social Science) ဟူ၍ နှစ်မျိုးနှစ်စားခွဲထားပါသည်။

စီးပွားရေးစီမံခန့်ခွဲမှုပညာရပ် -

Bachelor of Business Administration (College of International Management) တွင် အဓိကသာသာရပ်မေဂျာအနေဖြင့်

- Strategic Management & Organization
- Accounting & Finance
- Innovation & Economics
- Marketing ဟူ၍ မေဂျာလေးခုရှိပါသည်။

လူမှုရေးသိပ္ပံပညာရပ် -

Bachelor of Social Science (College of Asia Pacific Studies) တွင်လည်း

- Environment & Development
- Culture, Society & Media
- Hospitality & Tourism
- International Relations & Peace Studies ဟူ၍ မေဂျာလေးခုခွဲ၍သင်ကြားလျက်ရှိသည်။

APU သည် အာရှပစိဖိတ်ဒေသအတွင်း မတူညီကွဲပြားခြားနားသောယဉ်ကျေးမှုပေါင်းစုံစုစည်းတည်ရှိနေသောဂျပန်တက္ကသိုလ်တစ်ခုဖြစ်သည်။ ကျောင်းသားအရေအတွက်ပမာဏ၏ တစ်ဝက်ခန့်သည် နိုင်ငံတကာကျောင်းသားများဖြစ်ကြပြီး နိုင်ငံပေါင်း ၉၀ ကျော်မှကျောင်းသားများ လာရောက်ပညာဆည်းပူးသင်ယူနေလျက်ရှိပေသည်။

အထူးသဖြင့် APU မှ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများအတွက် ၄ နှစ်စာ



ပညာတော်သင် ထောက်ပံ့ကြေး (ကျောင်းစရိတ်စကော်လာ)များကို ၃၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်း အစရှိသဖြင့်ထောက်ပံ့ပေးလျက်ရှိသည်။

လျှောက်ထားလိုသူများသည် အင်္ဂလိပ်စာဘာသာစကား အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်ပြီး TOEFLR iBT - 61 points (သို့) TOEFLR PBT - 500 points (သို့) IELTS - 5.5 (သို့) TOEICR - 700 points (သို့) PTE Academic - 45 အစရှိသည်ဖြင့် အခြေခံအမှတ်များရရှိထားသူဖြစ်ရပါမည်။

စက်တင်ဘာလ ၂၀၁၈ ပညာသင်နှစ်ကျောင်းဝင်ခွင့်အတွက် ကျောင်းလျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ ဆက်သွယ်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အောက်ပါလင့်(ခ်)ကိုနှိပ်၍ လျှောက်ထားနိုင်ပါသည်။

https://admissions.apu.ac.jp/apply_online/

အသေးစိတ်ထပ်မံသိရှိလိုပါက welcome@apu.ac.jp သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# University of East Asia

University of East Asia (UEA)သည် ဖူကူအိုကာလေဆိပ်မှ ၁ နာရီခန့်ကွာဝေးသောပင်လယ်နှင့်တောင်တန်းများ၊ ရေပူစမ်းများနှင့်သာယာလှပနေသည့် ယာမာဂုချိခရိုင်၊ ရှိမိုနိုဆဲခိမြို့လေးတွင် တည်ရှိသည်။

လက်တွေ့စိတ်ပညာနှင့်ကလေးသူငယ်ပြုစုပျိုးထောင်ခြင်း၊ သင်ကြားရေးနည်းပညာများကိုလေ့လာနိုင်သည့် Dept. of Clinical Psychology and Pedagogy, အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် Tourism Business ကိုလေ့လာနိုင်မည့် Department of International Communication, အားကစားဆိုင်ရာပညာရေး၊ နည်းပြနှင့်ကျန်းမာရေးစောင့်ရှောက်မှု စသည့်ပညာရပ်များကို လေ့လာနိုင်မည့် Department of Health and Sports, ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ၊ အရေးပေါ်ဆေးဝါးကုသမှုနှင့် တိရိစ္ဆာန်ဆေးဝါးစောင့်ရှောက်မှုစသည့်ပညာရပ်များကိုလေ့လာနိုင်မည့် Dept. of Medical Technology, အာဟာရပညာနှင့် စားသောက်ကုန်ထိန်းသိမ်းခြင်း၊ အားကစားသမားများအတွက် အစားအသောက်စီမံခန့်ခွဲမှုကို လေ့လာနိုင်မည့် Dept. of Health and Nutritional Science, အန်နီမေးရှင်း၊ ရုပ်ရှင်နှင့်ပန်းချီရေးဆွဲခြင်း၊ Modelling, visual design နှင့် architecture တို့ကိုလေ့လာနိုင်မည့် Department of Art and Design, ဖက်ရှင်ဒီဇိုင်းနှင့် Hair Make up, Cosmetic နှင့် hospitality business, အခန်းတွင်းအလှဆင်ယင်မှုနှင့် ပရိဘောဂဒီဇိုင်းများကို လေ့လာနိုင်မည့် စသည်ဖြင့် Department of Total Beauty ဌာနပေါင်း ၇ ခုရှိပါသည်။

University of East Asia (UEA)သည် ရန်ကုန်ဆေးဝါးကျွမ်းကျင်တက္ကသိုလ်နှင့်လည်းချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှကျောင်းသား ၁၅ ဦးသည် အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ ခရီးလှည့်လည်ခြင်း၊ စီးပွားစီမံ Tourism Business, Hospitality business စသည်တို့ကိုလေ့လာသင်ယူလျက်ရှိပါသည်။ ရှိမိုနိုဆဲခိမြို့သည် တိုကျိုမြို့ထက် ဒေါ်လာ ၂၀၀ ခန့်စားသောက်စရိတ်ကိုချွေတာနိုင်သောမြို့ဖြစ်ပြီး ဖူကူအိုကာနှင့်နီးသောကြောင့် အချိန်ပိုင်းအလုပ်မှ လုပ်အားခလည်းမြင့်မားပါသည်။ ပညာတော်သင်ကျောင်းသားများအတွက် နေထိုင်ရန် သင့်လျော်သောဒေသဖြစ်ပေသည်။

University of East Asia သည် ဂျပန်နိုင်ငံတွင်ပညာဆည်းပူးလိုသော မြန်မာနိုင်ငံမှကျောင်းသားများကိုလည်းကြိုဆိုနေပါသည်။ ဂျပန်ဘာသာအရည်အချင်း N4 နှင့်ကိုက်ညီသော ဂျပန်စာတတ်ကျွမ်းလျှင်တက်ရောက်နိုင်ပါသည်။ ကျောင်းဝင်ကြေးကင်းလွတ်ခွင့်များနှင့်ဘွဲ့ရသည်အထိ ကျောင်းလခကို ၅၀ ရာခိုင်နှုန်းလျှော့ချပေးမည့် ပညာသင်ထောက်ပံ့ခြင်း အစီအမံများလည်း ပေးအပ်သွားရန်ရှိနေပါသည်။ (စာရွက်စာတမ်းများနှင့် ရန်ကုန်တွင် အင်တာဗျူးဖြေဆိုသည့်အခါ ဆုံးဖြတ်ပေးပါမည်။)

ဧပြီလနှင့် စက်တင်ဘာလတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ (ဖေဖော်ဝါရီလကုန်နှင့် မေလကုန်တွင် လျှောက်လွှာနောက်ဆုံးတင်ရပါမည်။)

အထက်ဖော်ပြပါ ဘာသာရပ်များအားလုံးတွင် တက်ရောက်လေ့လာခွင့်ရှိပါသည်။ ကျောင်းတက်နေစဉ်အတွင်း ဂျပန်ဘာသာ N1 ကို ဖြေဆိုအောင်မြင်ပြီး ဂျပန်နိုင်ငံတွင်အလုပ်ဝင်နိုင်မည့် သင်ရိုးညွှန်းတမ်းများဖြစ်ပါသည်။

University of East Asia တက္ကသိုလ်နှင့်စပ်လျဉ်းသော အချက်အလက်အပြည့်စုံကို Home Page ၊ ဝင်ခွင့်ဖြေဆိုခြင်းနှင့် ဝင်အခွင့်အတွက် ဆောင်ရွက်ရန် အသေးစိတ်ကို ရန်ကုန်မြို့ရှိ Thinmyanmar Japanese Language Center သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**University of East Asia (UEA)**
2-1 Ichinomiyagakuen-cho Shimonoseki,
Yamaguchi 751-0807Japan
Phone : +81-83-256-1111
http://www.toua-u.ac.jp

**ရန်ကုန်တွင်ဆက်သွယ်လိုပါက**
**Thinmyanmar Japanese Language Center**
No. 1/A, Room 4B, Zayar Thiri Condo,
Zayar Thiri Street, Near Insein Pyay Road,
Kamayut Township, Yangon.
Phone: 95-1-504834
Email: thin.tmlc@gmail.com

# ဂျပန်နိုင်ငံသို့ ကိုယ်ပိုင်စရိတ်ဖြင့် ပညာသင်သွားရောက်မည့်သူများအတွက် ပညာသင်ဆု

## Honors scholarship for Privately Financed International Students

JASSO (Japan Student Services Organization) မှပေးအပ်သော ဂျပန်အစိုးရပညာသင်ဆု Honors scholarship အကြောင်းမိတ်ဆက်ပေးလိုပါသည်။

ဂျပန်တက္ကသိုလ် ဘွဲ့ကြိုနှင့်ဘွဲ့လွန်တက်ရောက်မည့်သူများကို ၁ နှစ်စာ (၄ လပိုင်းအတန်း)သို့မဟုတ် ၆ လစာ (၁၀ လပိုင်းအတန်း)အတွက် တစ်လလျှင်ယန်း ၄၈၀၀၀ ကိုပညာသင်ဆုအဖြစ်ပေးအပ်မည်ဖြစ်ပါသည်။

လျှောက်ထားရန်မှာ ဂျပန်နိုင်ငံရှိတက်ရောက်နေသောကျောင်းမှတစ်ဆင့် လျှောက်ထားရပါမည်။ မေလအလယ်ပိုင်းတွင် ကျောင်းတွင်းရွေးချယ်မှုပြုလုပ်ပြီး ဇွန်လတွင် ရလဒ်အဖြေထွက်ကာ ဇူလိုင်လမှစ၍ ရယူနိုင်မည်ဖြစ်ပါသည်။

ပထမဆုံးလတွင် (ဧပြီ၊ မေ၊ ဇွန်) အတွက် ၃ လစာ ပေါင်းကာရရှိမည်ဖြစ်သည်။

သတ်မှတ်ချက်မှာ စာမေးပွဲအောင်မှတ်ကောင်းပြီး နေထိုင်စားသောက်စရိတ်အတွက်ပို့ငွေ ယန်း ၉ သောင်းအောက်ဖြစ်သူ စသည်တို့ဖြစ်ပါသည်။

ဥပမာ နိုင်ငံပိုင်တက္ကသိုလ်သို့ ပညာသင်သွားမည်ဆိုလျှင် အောက်ပါအတိုင်းကုန်ကျပါမည်။

| | ကျောင်းစရိတ် (၁ နှစ်စာ) | နေထိုင်စားသောက်စရိတ် (၁ နှစ်စာ) | စုစုပေါင်း (၁ နှစ်စာ) |
|---|---|---|---|
| တိုကျိုကဲ့သို့သောမြို့ကြီး | ယန်း 535,800 | ယန်း 1,400,000 (Average) | ယန်း 1,935,800 |
| နယ်မြို့များ | ယန်း 535,800 | ယန်း 1,100,000 (Average) | ယန်း 1,635,800 |

**မှတ်ချက် း**

- ပထမနှစ်တွင် အထက်၌ဖော်ပြထားသောကျောင်းစရိတ်အပြင် ကျောင်းဝင်ကြေး ယန်း 282,000 ခန့်ကိုလည်း ထပ်မံပေးသွင်းရပါမည်။
- ဘွဲ့ကြို၊ မဟာတန်း၊ ပါရဂူတန်းလည်း ကျောင်းစရိတ်အတူတူဖြစ်ပါသည်။
- ပုဂ္ဂလိကပိုင်တက္ကသိုလ်များ၏ ကျောင်းလခမှာ ကျောင်းနှင့်ဘာသာရပ်ကိုလိုက်၍ကွဲပြားပြီး အစိုးရတက္ကသိုလ်များထက်ကျောင်းလခမြင့်မားပါသည်။

ကျောင်းလခအပြင် ကျောင်းဝင်ကြေး၊ ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်ကုန်ကျမှာဖြစ်ပါသည်။ နယ်မြို့ရှိနိုင်ငံပိုင်တက္ကသိုလ်များတွင် မဟာတန်း ပထမနှစ်တက်ရောက်မည်ဆိုပါက စုစုပေါင်း ယန်း ၂၁၀၀၀၀၀ မှ ၂၄၀၀၀၀၀ ခန့်ကုန်ကျပါမည်။သို့သော်လည်း Honors scholarship ကို ၁ နှစ်ရလျှင် စုစုပေါင်း ယန်း ၅၇၆၀၀၀ သက်သာမည်ဖြစ်သည်။

ထို့အပြင် ကုန်ကျစရိတ်တချို့သက်သာစေရန်အတွက် အချိန်ပိုင်းအလုပ်,လုပ်နေသောကျောင်းသားများရှိသော်လည်း ဘွဲ့လွန်တက္ကသိုလ်ကျောင်းသားများမှာ ကျောင်းစာများသည့်အတွက် မိမိ၏ professor နှင့်တိုင်ပင်လုပ်ကိုင်ရန် အရေးကြီးပါသည်။ ထို့ပြင် ဝင်ငွေနှင့် ရမှတ်အပေါ်မူတည်၍ ကျောင်းလခတစ်ဝက်ကင်းလွတ်ခွင့်များလည်း ရှိပါသည်။

ဂျပန်ပညာသင်စရိတ်သည် ကျောင်း၊ ပညာသင်မည့်နေရာ၊ ကြာချိန်ပေါ်မူတည်၍ ကွာခြားပြီး အနောက်နိုင်ငံများတွင် ပညာသင်စရိတ်၏ တစ်ဝက်၊ ၃ ပုံ ၁ ပုံလောက်သာရှိသည်ဟု ပြောကြပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့လွန်တန်းနှင့်ဘွဲ့ကြိုတန်းများ၏ ကျောင်းလခများကွာခြားမှုမရှိခြင်းမှာ ဂျပန်နိုင်ငံတက္ကသိုလ်များ၏ထူးခြားချက်ပင်ဖြစ်သည်။ ကိုယ်ပိုင်ဆုငွေနှင့်မိဘထောက်ပံ့နေသောသူများသည် Honors scholarship ကို လျှောက်ပြီး ဂျပန်နိုင်ငံတွင် ပညာသင်ယူနိုင်မည်ဖြစ်ပါသည်။ Full Scholarship (အစိုးရပညာတော်သင်ဆု)သည် လျှောက်ထားသူများပြား၍ ယှဉ်ပြိုင်မှုမြင့်မားပြီး Honors scholarship သည် လူအများသိပ်မသိကြသေးသည့်အတွက် ရနိုင်ချေများပြီး ရွေးချယ်ခံရရန်အခွင့်အလမ်းလည်း များပါသည်။

မြန်မာနိုင်ငံတွင် EJU (ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ)ဖြေဆိုပြီးအမှတ်များလျှင် ဂျပန်မသွားမီ ပညာသင်ဆုကို booking လုပ်နိုင်ပါသည်။ထို့ပြင် ဂျပန်အစိုးရမှ မြန်မာလူမျိုးများ ဂျပန်ပညာသင်သွားခြင်းကိုအားပေးသောအားဖြင့် OJEIC ၏ ထောက်ခံချက်ဖြင့်ရရှိနိုင်သောပညာသင်ဆုလည်း ရှိပါသည်။ အထက်ပါနည်းလမ်း ၂ ခုအနက် တစ်ခုခုဖြင့် လျှောက်ထားလျှင် ၄ လပိုင်းတန်းအတွက်မှာပုံမှန်ရရှိပြီး ၇ လပိုင်းမှစ၍ ရရှိခြင်းမဟုတ်ဘဲ ၄ လပိုင်းမှစ၍ရရှိနိုင်မှာဖြစ်သည်။

ဂျပန်တက္ကသိုလ်တက်ရောက်ရန်ဝင်ခွင့်ရရှိထားသူများ Honors scholarship ကိုစိတ်ဝင်စားပါက OJEIC သို့လာရောက်ဆွေးနွေးနိုင်ပါသည်။ ဂျပန်ပညာသင်သွားရန်အစီအစဉ်ရှိသူများ EJU စာမေးပွဲကို ဆက်ဆက်ဖြေကြဖို့ တိုက်တွန်းလိုက်ရပါသည်။

**OJEIC Facebook :**
https://www.facebook.com/StudyinJapanOfficeYangon/

* OJEIC (Okayama University Japan Educational Information Center)
R322A (Japan Culture House ဘေးခန်း),
Bldg.-C, Pearl Condo, Kaba Aye Pagoda Road, Yangon,
Tel: 09-2618-410-54
ရုံးချိန်- တနင်္လာနေ့မှ စနေနေ့ထိ
နံနက် ၉း၀၀ မှ ညနေ ၅း၀၀
(စနေနေ့လည်းဖွင့်ပါသည်။)